**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၁၆)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ခုနှစ်၊ နယုန်လပြည့်ကျော်၁၀ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၇၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၉.၉၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၁၉-၆-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်သူ ကျွန်မဒေါ်မြတ်သီတာထွန်း မှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ မင်းဘူးမြို့နယ် ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲတက်ရောက်။ ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ပခရီးစဉ်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ NRGI နှင့် Call တွေ့ဆုံရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဇင်းအတိုင်း။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ပခရီးစဉ်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ARF Seminarတက်ရောက်။ ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ အစည်းအဝေးတက်ရောက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဆွေးနွေးပွဲတက်ရောက်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဇင်းအတိုင်း။ ဒေါ်ရှားမူ၊

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်၊ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ လယ်ယာမြေကိစ္စ ကွင်းဆင်း ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးတင့်လွင်အေး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ MRIT အစည်းအဝေးတက်ရောက်ရန်နှင့် နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်းတို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၄၂)ဦးဖြစ်တဲ့အတွက်စုစုပေါင်းခွင့်ပန်ကြားသူ(၄၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်ကခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၄၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်အတွင်းရှိ အလယ်ဖရုံကာကျွန်းတွင် တည်ရှိသော မြင့်ဂါ-ဖားဒူ ကားလမ်းနှင့် ကျွဲကူးမြစ်၏ တောင်ဘက်ကမ်း မြင့်ဂါကားလမ်းနှင့် ကျွဲကူးမြစ်၏ မြောက်ဘက်ကမ်း တောင်းဖူး-ပေါက်တော ကားလမ်း တို့ကို ဇက်ကူး(ကူးတို့)ဖြင့် ကားများတင်ဆောင်ပြီး သွားလာနိုင်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်အတွင်းရှိ အလယ်ဖရုံကာကျွန်းတွင် တည်ရှိသော မြင့်ဂါ-ဖားဒူ ကားလမ်းနှင့် ကျွဲကူးမြစ်၏ တောင်ဘက်ကမ်း မြင့်ဂါကားလမ်းနှင့် ကျွဲကူးမြစ်၏ မြောက်ဘက်ကမ်း တောင်းဖူး-ပေါက်တော ကားလမ်းတို့ကို ဇက်ကူး(ကူးတို့) ဖြင့် ကားများ တင်ဆောင်ပြီး သွားလာနိုင်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ လေးစားရပါသော လွှတ်တော်

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံး ပြည်နယ်ဖြစ်သော ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်အတွင်းရှိ အလယ်ဖရုံကာကျွန်းတွင် တည်ရှိသော မြင့်ဂါ-ဖားဒူ ကားလမ်းနှင့် ကျွဲကူးမြစ်၏ တောင်ဘက်ကမ်း မြင့်ဂါကားလမ်းနှင့် ကျွဲကူးမြစ်၏ မြောက်ဘက်ကမ်း တောင်းဖူး-ပေါက်တော ကားလမ်းတို့ကို ဇက်ကူး(ကူးတို့)ဖြင့် ကားများတင်ဆောင်ပြီး သွားလာနိုင်အောင် စီစဉ်ပေးရန် ပြည်ထောင်စုအစိုးရတွင် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

မြင့်ဂါ-ဖားဒူကားလမ်းဟာ ပေါက်တောမြို့နယ်တောင်ပိုင်း အလယ်ဖရုံကာကျွန်းတွင် တည်ရှိပါတယ်။ အလယ်ဖရုံကာကျွန်းဟာ တောင်မြောက်(၁၆)မိုင်ခန့်ရှိပြီး၊ အရှေ့အနောက် (၈)မိုင်ခန့်ရှိပါတယ်။ ကျေးရွာပေါင်း(၅၄)ရွာရှိပြီး၊ လူဦးရေ(၄၅၀၀၀)ခန့်နေထိုင်လျက် ရှိကြပါတယ်။ အလယ်ဖရုံကာကျွန်းဟာ မြောက်ဘက်တွင် မြေနိမ့်လွင်ပြင်များရှိပြီး တောင်ဘက်သို့ တဖြည်းဖြည်းကျဉ်းမြောင်းသွားပါတယ်။ မြင့်ဂါ-ဖားဒူကားလမ်းကို ၁၉၉၄ ခုနှစ်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ကိုယ်တိုင်လာရောက်ပြီး လမ်းသစ်ဖွင့်ပွဲ ပြုလုပ်ခဲ့ပါတယ်။ သို့သော် အဲဒီလမ်းဟာ ဆက်လက်ထိန်းသိမ်းမှု မရှိ၍ ပျက်စီးခဲ့ရပါတယ်။ ပျက်စီးနေတဲ့ မြင့်ဂါ-ဖားဒူကားလမ်းကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၇ရက်နေ့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ကျွန်တော်ကိုယ်တိုင်တင်ပြခဲ့ပြီး ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်၊ ဒုတိယအစည်းအဝေး ဆဋ္ဌမနေ့ ၁၁-၁၁-၂၀၁၁ ရက်နေ့တွင် မေးခွန်းအဖြစ် တင်ပြ မေးမြန်းခဲ့ပါတယ်။ မြင့်ဂါ-ဖားဒူကားလမ်း (၁၆)မိုင် (၄)ဖာလုံ၏ ပထမပိုင်းကို (၈)မိုင်၊ (၄)ဖာလုံကိုတော့ စုစုပေါင်း(၁၂၈)သန်း ခွင့်ပြုငွေဖြင့် ပြုလုပ်ခဲ့ပါတယ်။ ယခုအခါဒင်းလမ်းဟာ ကျောက်ချောလမ်းအဖြစ် ဘင်္ဂလားပင်လယ်အော် ကမ်းစပ်အထိ သွားလာလို့ရနေတဲ့ လမ်းတစ်လမ်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံး ပြည်နယ်ဖြစ်သော ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်အတွင်းရှိ အလယ်ဖရုံကာကျွန်းတွင် တည်ရှိသော မြင့်ဂါ-ဖားဒူကားလမ်းနှင့် ပေါက်တော-တောင်းဖူးကားလမ်းအား ကူးလူးဆက်ဆံမှု လွယ်ကူစေရန် ကျွဲကူးမြစ်၏ တောင်ဘက်ကမ်း မြင့်ဂါကားလမ်းနှင့် ကျွဲကူးမြစ်၏ မြောက်ဘက်ကမ်း တောင်းဖူး-ပေါက်တော ကားလမ်းတို့ကို ဇက်ကူး(ကူးတို့)ဖြင့် ကားများတင်ဆောင်၍ သွားလာနိုင်ပါက စစ်တွေ-ရန်ကုန် ကားလမ်းမကြီးသို့ သွားလာနိုင်မည်ဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်လို့ ပြည်ထောင်စုအစိုးရတွင် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ငလိုင်တွင်းကျေးရွာ၊ ကင်ပွန်းခြုံကျေးရွာ၊ ကျွဲဦးကျေးရွာတို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM(MPT) တာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ငလိုင်တွင်းကျေးရွာ၊ ကင်ပွန်းခြုံကျေးရွာ၊ ကျွဲဦးကျေးရွာတို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM (MPT) တာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါ။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ငလိုင်တွင်း၊ ကင်ပွန်းခြုံ၊ ကျွဲဦးကျေးရွာတို့မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM(MPT) တာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

မေးမြန်းလိုတဲ့ အကြောင်းအရာကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကျွဲဦး၊ ကင်ပွန်းခြုံနဲ့ ငလိုင်တွင်းကျေးရွာအုပ်စုတို့ဟာ စလင်းမြို့နယ်နဲ့ မိုင်(၄၀)ကျော် ကွာဝေးပြီး စေတုတ္တရာ၊ ဆောမြို့နယ်စပ်မှာရှိတဲ့ ကျေးရွာများဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျတဲ့ဒေသများ ဖြစ်နေပါတယ်။ ငလိုင်တွင်းကျေးရွာနဲ့ (၁၀)မိုင်အကွာမှာ ဆိုလို့ရှိရင်တော့ ခင်ပလူရွာမှာ တယ်လီနောတာဝါတိုင် ရှိပါတယ်။ ဒါပေမဲ့ ကျွဲဦး၊ ကင်ပွန်းခြုံ၊ ငလိုင်တွင်းရွာတွေဟာ တာဝါတိုင်မရှိတဲ့အတွက် တယ်လီဖုန်း ဆက်သွယ်ရေး အခက်အခဲ ပြည်သူလူထုမှာ များစွာကြုံတွေ့နေကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ငလိုင်တွင်းကျေးရွာ၊ ကင်ပွန်းခြုံကျေးရွာနှင့် ကျွဲဦးကျေးရွာတို့မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း GSM(MPT) တာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်အတွင်းရှိ အလယ် ဖရုံကာကျွန်းမှာ တည်ရှိတဲ့ မြင့်ဂါ-ဖားဒူ ကားလမ်းနှင့် ကျွဲကူးမြစ်၏ တောင်ဘက်ကမ်း မြင့်ဂါကားလမ်းနှင့် ကျွဲကူးမြစ်၏ မြောက်ဘက်ကမ်း တောင်းဖူး-ပေါက်တော ကားလမ်းတို့ကို ဇက်ကူး(ကူးတို့) ဖြင့် ကားတွေကို တင်ဆောင်ပြီး သွားလာနိုင်အောင် ဆောင်ရွက်ပေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိနဲ့ မေးမြန်းတဲ့ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ရဲ့ မေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြင့်ဂါ-ဖားဒူ ကားလမ်းနှင့် ကျွဲကူးမြစ်၏ တောင်ဘက်ကမ်း မြင့်ဂါကားလမ်းနှင့် ကျွဲကူးမြစ်၏ မြောက်ဘက်ကမ်းမှာရှိတဲ့ တောင်းဖူး-ပေါက်တော ကားလမ်းတို့ကို ဇက်ကူး(ကူးတို့)ဖြင့် ကားတွေကို တင်ဆောင်ပြီး သွားလာနိုင်ဖို့ ဆောင်ရွက်ပေးပါလို့ ပြောတဲ့အချိန်မှာပဲ ကျွန်တော် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာနခွဲ၊ ရခိုင်ဌာနခွဲက လက်ထောက်အထွေထွေမန်နေဂျာ ဦးဆောင်တဲ့အဖွဲ့ကို ၇-၃-၂၀၁၇ မှာပဲ လေ့လာရေးလွှတ်ပါတယ်။ တကယ်ကိုပဲ ပြည်သူလူထုအတွက် အရမ်းကို အခက်အခဲဖြစ်နေပြီလား၊ ကျွန်တော်တို့ကရော တကယ်တမ်းကျတော့ ကျွန်တော်တို့အနေနဲ့ အားလုံးပြည့်စုံတာမဟုတ်တော့ ခုနတုန်းက တကယ်ကို နောက်ကျနေတဲ့ အခက်အခဲဖြစ်နေတဲ့ ပြည်သူလူထုရဲ့ အခြေအနေကို သိနိုင်ဖို့နဲ့ ကွင်းဆင်းပြီးတော့ စေလွှတ်ခဲ့ပါတယ်။ ၇-၃-၂၀၁၇ မှာ လက်ထောက်အထွေထွေမန်နေဂျာ ဦးဆောင်တဲ့ အဖွဲ့ သွားရောက်ခဲ့ပါတယ်။

အဲဒီအခြေအနေလေး ကျွန်တော် မြင်သာအောင်လို့ ပုံလေး တင်ပြချင်ပါတယ်။ အဲဒီပုံပါ။ ဒီဘက်က အောက်ဘက်က အလယ်ဖရုံကာကျွန်း ဖြစ်ပါတယ်။ ဒီအပြာက ကျွန်တော်တို့ ကူးတို့ သွားစေချင်တယ်ဆိုတဲ့လမ်း မြင့်ဂါနဲ့ တောင်းဖူးနဲ့ ဆက်ထားတဲ့လမ်း ဖြစ်ပါတယ်။ ဟိုအနီကတော့ ကျောက်ချောလမ်း ခုနတုန်းက တောင်းဖူး-ပေါက်တော ကျောက်ချောလမ်းဖြစ်ပါတယ်။ (၉)မိုင်လောက် ဝေးပါတယ်။ လောလောဆယ် ဘယ်လိုသွားနေကြလဲဆိုတာကို သူအစီရင်ခံပါတယ်။ လောလောဆယ်မှာ မြစ်ကူးတဲ့ စက်လှေလေးရှိပါတယ်။ အဲဒီစက်လှေလေးနဲ့ ဘယ်နှစ်ခေါက်လောက်ကူးလဲဆိုရင် တစ်နေ့ကို (၄)ခေါက်လောက်ကူးပါတယ်။ အသွားအပြန် လူ(၅၀)လောက်သွားတယ်လို့ ကျွန်တော်တို့ စာရင်း ကောက်ယူ ရရှိပါတယ်။ အဲဒီလမ်းက ခုနတုန်းက လမ်းအနီလေးကတော့ အဲဒီကျောက်ချောလမ်းလေး ကတော့ (၉)မိုင်လောက်ဝေးပြီးတော့ မော်တော်ဆိုင်ကယ် ကယ်ရီတွေ သုံးတာများပါတယ်။ အဲဒီ မော်တော်ဆိုင်ကယ် ကယ်ရီက (၂၅)မိနစ်ကြာတယ်လို့ ပြောပါတယ်။ ဒီလိုဆိုရင် စက်လှေကရော အချိန်စာရင်းနဲ့ သွားနေတာလားဆိုတော့လည်း မဟုတ်ပါဘူး။ အဲဒီနားမှာ စက်လှေကိုခေါ်ဖို့ တယ်လီဖုန်း ရှိပါတယ်။ တယ်လီဖုန်းနံပါတ်တွေကို အဲဒီ ကူးတို့ဆိပ်လေးတွေမှာ ထားထားတယ်လို့ပြောပါတယ်။

အဲဒီကနေပြီးတော့ စက်လှေသမားဆီကို လှမ်းဆက်လိုက်ရင် လာပြီးတော့ ကြိုပါတယ်။ အဲဒီတော့ အကြိုအပို့ အဲဒီလိုလေး လုပ်ပေးနေတယ်လို့ ပုဂ္ဂလိကစက်လှေက လုပ်တယ်လို့ ပြောပါတယ်။ ဒါဖြင့်ရင် လူတွေက အဲဒီလောက်အများကြီးဆိုတော့လည်း တစ်နေ့ကို (၅၀)လောက်သွားပါတယ်။ သာမန်အားဖြင့်တော့ မြင့်ဂါက လူတွေက စစ်တွေကိုသွားတဲ့ စက်လှေလည်းရှိပါတယ်။ ပေါက်တောကို သွားရင်တော့ အဲဒီကူးတို့စက်လှေနဲ့ ကူးပြီးတော့ အဲဒီဆိုင်ကယ်ကယ်ရီသုံးပြီးသွားတယ် ပြောပါတယ်။ ဒီလိုဆိုရင် ဇက်ကူး(ကူးတို့) လုပ်ဖို့ရာအတွက်ကော နေရာအခြေအနေ ကောင်းရဲ့လား၊ ဇက်ကူး(ကူးတို့) ဆိုတာ ကားတွေ ကူးနိုင်ဖို့ရာအတွက် သွားတဲ့ကူးတို့ ဖြစ်ပါတယ်။ အဲဒီကူးတို့ရပ်ဖို့ရာအတွက်ကျတော့ သူက ရေတက်ရေကျ ရှိတဲ့အတွက်ကြောင့် တစ်ခါတစ်ရံ ရေကျတဲ့အချိန်ကျတော့ သောင်ပြင်က ပေ(၂၀၀)၊ (၃၀၀)လောက် ဝေးတယ်လို့ပြောပါတယ်။ အဲဒီမှာလည်း ကျောက်ဆောင်တွေလည်း ရှိတဲ့ အတွက်ကြောင့် ဒီ ဇက်ကူး(ကူးတို့)သွားဖို့ လုပ်ဖို့ ဒီ အခက်အခဲရှိတယ်လို့ သိရပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ လောလောဆယ် Traffic Demand ပေါ့၊ တကယ်ကို အခက်အခဲတွေ ဖြစ်နေကြပြီလား၊ သိပ်ပြီးတော့ လူဦးရေများစွာ ဒုက္ခရောက်နေရင်တော့ ကျွန်တော်တို့ ဖြစ်သလို ကျွန်တော်မှာရှိလည်း တကယ်တမ်းကျတော့ မရှိပါဘူး။ ဇက်ကူး(ကူးတို့)တွေက အများကြီး ရှိမနေပါဘူး။ စည်ကားတဲ့နေရာတွေ တချို့မှာပဲ ထားတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လောလောဆယ် အခက်အခဲကလည်း တအားကြီးတော့ မရှိဘူး။ စက်လှေလေးနဲ့ သွားရတယ်။ လူကလည်း (၅၀)လောက်ပဲ ရှိသေးတယ်။ အဲဒီတော့ အဲဒီလောက်လောက်ဖြစ်တယ်။ ကားအစီးရေ ပမာဏ ကလည်းပဲ တစ်နေ့မှာ မြင့်ဂါဘက်မှာတော့ တစ်နေ့(၃)စီးလောက်ရှိတယ်လို့ ပြောပါတယ်။ ဒါကြောင့် လောလောဆယ် ပို့ဆောင်ရေးလိုအပ်ချက် နည်းပါးနေသေးခြင်း၊ ကျန်တဲ့ ကူးတို့ဆိပ်ကမ်း ကောင်းကောင်းမွန်မွန် မရှိခြင်း၊ ကူးတို့ဆိပ်ကမ်းကို ထားဖို့ရာ သွားဖို့ရာအထိလည်း မလိုအပ်သေးခြင်း တို့ကြောင့် ကျွန်တော်တို့ လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း လေးစားစွာ ဖြေကြားအပ် ပါတယ်ခင်ဗျား။

နောက် ဒုတိယမေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ငလှိုင်တွင်းကျေးရွာ၊ ကင်ပွန်းခြုံကျေးရွာနဲ့ ကျွဲဦးကျေးရွာတို့မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေပြီးတော့ GSM (MPT) တာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အဲဒီနေရာမှာလည်း ပုံလေးနဲ့မြန်ချင်လို့ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ အဲဒီအဖြူရောင်တွေက လက်ရှိ စလင်းမြို့နယ်အတွင်းမှာ လုပ်ထားတဲ့ရွာတွေ၊ အဲဒီရွာတွေမှာ အဝါတိုင် လေးတွေကတော့ ဖွင့်လှစ်ပြီးတဲ့ MPT တိုင်တွေ ဖြစ်ပါတယ်။ အဲဒီ MPT တိုင်တွေဟာ ဒီ (၂၈)တိုင် ရှိပါတယ်။ စလင်းမြို့နယ် တစ်မြို့နယ်တည်းမှာပဲ။ ဒီ မြို့ပေါ်ရပ်ကွက်မှာ (၅)ခု၊ ကျေးရွာတွေမှာ(၂၃)ခု၊ အားလုံးပေါင်း(၂၈)တိုင် စိုက်ပြီးပါပြီ။ နောက်ထပ်တစ်တိုင်ကတော့ အမည်းရောင်နဲ့ ဒီ ဖောင်လင်းဆိုတဲ့ ရွာမှာ တည်ဆောက်ဆဲ ဖြစ်ပါတယ်။ ဒါက MPT ရဲ့ ဆောင်ရွက်ထားတဲ့ အခြေအနေပါ။ နောက် အပြာ ရောင်လေးက တယ်လီနောပါ။ တယ်လီနောက မြို့ပေါ် (၇)ရပ်ကွက်မှာ (၇)တိုင်ရှိပြီးတော့ ကျေးရွာ (၁၀)ခုမှာ (၁၀)တိုင် အားလုံးပေါင်း တယ်လီနောက (၁၇)တိုင် ရှိပါတယ်။ အော်ရီဒူးက(၁၆)တိုင်ပါ။

အဲဒါကတော့ မြို့ပေါ်(၃)ရပ်ကွက်မှာ (၃)တိုင်နဲ့ ကျေးရွာတွေမှာ(၁၃)တိုင်နဲ့ အားလုံးပေါင်း(၁၆)တိုင် ဖြစ်ပါတယ်။

ဒါကြောင့် MPT၊ တယ်လီနော၊ အော်ရီဒူးတို့ဟာ ဒီ စလင်းမြို့နယ်မှာတော့ တော်တော့်ကို ထပ်နေအောင်ပေးနေတယ်။ MobileDensity သိပ်မဆိုးဘူးဆိုတာ တွေ့ရပါတယ်။ ဒီနေရာမှာခုနတုန်းက (၃)ရွာ ကျန်ပါတယ်။ ခုနပြောတဲ့ ကွဲဦး၊ အပေါ်ဆုံးက ကွဲဦးပါ။ အလယ်မှာ ကင်ပွန်းခြုံ၊ အောက်မှာ ငလိုင်တွင်း ဖြစ်ပါတယ်။ အဲဒီ(၃)ရွာက တကယ့်ကိုပဲ ခုနပြောတဲ့ အစွန်အဖျားမှာ ရောက်နေတယ်။ နောက်ပြီးတော့ ခုနတုန်းက အနီရောင်နဲ့လိုင်းဟာ (၁၃)မိုင်လောက်ဝေးနေတယ်။ အဲဒီမှာ ကျွန်တော်တို့ လုပ်မလားပေါ့။ ခက်နေတာက ဘယ်သူပဲဖြစ်ဖြစ် MPT ရော၊ တယ်လီနောရော၊ အော်ရီဒူးရော (၃)ယောက်စလုံးသည် စီးပွားရေးတွက်ခြေကိုက်တာကို ကြည့်ပါတယ်။ မကြည့်ဘဲလည်း မဖြစ်ပါဘူး။ ဘာလို့လဲဆို ကွဲဦးရွာရော အားလုံးပေါင်း ကျွန်တော်တို့ အိမ်ခြေနဲ့ လူဦးရေကို ကြည့်တဲ့အခါမှာ အဲဒီ ငလိုင်တွင်းဆိုတဲ့ အောက်ဆုံးက ငလိုင်တွင်းဆိုတဲ့ရွာမှာ ယောကျ်ားလေးက(၄၉၅)ဦး၊ မိန်းကလေးက (၅၀၅)ဦး၊ အားလုံးပေါင်း လူဦးရေ(၁၀၀၀)ဦး ရှိပါတယ်။

ကင်ပွန်းခြုံကျေးရွာမှာ လူဦးရေ(၅၃၉)ယောက်ရှိပါတယ်။ အပေါ်ဆုံးက ကွဲဦးကျေးရွာမှာ ကျတော့ အားလုံးပေါင်းက (၆၁၅)ဦးပဲရှိပါတယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့သည် ကျွန်တော် ဆိုလို တာက စီးပွားရေးတွက်ခြေမကိုက်တာနဲ့ မလုပ်ဘူးလို့ ကျွန်တော် ပြောတာမဟုတ်ပါဘူး။ ကျွန်တော်သည် တိုင်းပြည်တစ်ပြည်လုံးက အစွန်အဖျားမကျန် လုပ်ဖို့ရာ ရည်မှန်းတာပါ။ ဒါပေမဲ့ ချက်ချင်းကြီး လုပ်လို့ အချိန်တိုင်း၊ အချိန်တိုင်း၊ သူက ဒီလောက်ကြီးနည်းတဲ့နေရာမှာ အမှန်ကတော့ အလယ်လောက်မှာ (၁)တိုင်စိုက်နိုင်လား။ အဲဒီတိုင်က အခြားတိုင်တွေနဲ့ အဆက်အသွယ်လုပ်နိုင်လား တွက်ရပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီမှာ မီးမရဘူး။ လျှပ်စစ်မီးလည်းလိုတယ်။ သယ်ဖို့ပြုဖို့လည်းလိုတယ်။ တိုင်စိုက်ရမယ်။ မြေနေရာ ရ ရမယ်။ အဲဒီတော့ အဲဒီလိုအချက်အလက်တွေ အကုန်လုံး လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော် အဲဒီ(၃)ခုလုံးကိုတော့ တိုက်တွန်းပါတယ်။ ဒါပေမဲ့ ခုနတုန်းကပြောတဲ့ လူဦးရေနဲ့ သူတို့ရဲ့ စီးပွားရေးတွက်ခြေကိုက်မှုကို ကြည့်တဲ့အတွက်ကြောင့် အခက်အခဲ ရှိနေသေးတယ်။

ဒါပေမဲ့ ကျွန်တော်နောက် ဒီနှစ်ကုန်ပြီးရင်တော့ ကျွန်တော်တို့မှာက Universal Service Fund ဟိုတစ်ခေါက်တုန်းကလည်း ဖြေဖူးပါတယ်။ Universal Service Fund ကလည်း ကျွန်တော် သုံးချင်တိုင်း သုံးလို့မရပါဘူး။ သူတို့စုထားတဲ့ ပိုက်ဆံတွေကို ကျွန်တော်တို့ ကော်မတီလေးဖွဲ့ပြီးတော့ အဲဒီအခါမှာ ဘယ်လိုသုံးရမလဲ။ ခုနတုန်းက ဖွံ့ဖြိုးမှုနောက်ကျနေတဲ့၊ ဝေးလံခေါင်ပါးတဲ့နေရာမှာ သုံးစွဲခွင့် ရ ရမယ်။ အဲဒီရတဲ့အခါကျမှ ကျွန်တော် သုံးနိုင်မယ်လို့ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ရှုံးတာကို။ ရှုံးတဲ့နေရာမှာ မလုပ်ချင်ကြတော့ ကျွန်တော်က သူတို့ကို တိုက်တွန်းရပါတယ်။ သူတို့မလုပ်ခဲ့ရင် ကျွန်တော်တို့ လုပ်နိုင်အောင်လုပ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ လောလောဆယ်တော့ စောင့်ပေးကြပါ။ တကယ်တမ်းကျတော့ လူဦးရေက အားလုံးပေါင်း (၂၀၀၀)လောက်ပဲရှိပါတယ်။ (၃)ရွာပေါင်းမှ (၂၀၀၀)ကျော်လောက်မှာ သုံးတဲ့လူတွေသည် ဘယ်လောက်သုံးမလဲပေါ့။ သူ့ရဲ့ Sim Card သုံးမှာ ဘယ်လောက်လဲ။ အဲဒါကို သွားပြီးတော့ ကြည့်ပြီး လုပ်ရတာဖြစ်လို့ အဲဒီ(၃)ခုစလုံးကိုပဲ ကျွန်တော်က တအားကြီးတွန်းလို့ မရပါဘူး။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတို့ ပြောတဲ့အခက်အခဲကိုလည်း နားလည်ပါတယ်။ သို့သော် ဒါထက်ခက်ခဲတဲ့နေရာတွေ မြောက်မြားစွာ ရှိနေသေးတယ်။ တစ်ပြည်လုံးမှာ။ ကျွန်တော်တို့ လုပ်ထားတာကတော့ တော်တော်လေးတော့ တတ်နိုင်သမျှတော့ ကြိုးစားပြီးတော့ ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နှစ်အလိုက် အရေးကြီးမှုအလိုက်၊ လူဦးရေအလိုက်၊ အနည်းအများကိုကြည့်ပြီး ဦးစားပေးအစီအစဉ်နဲ့ ဆောင်ရွက်သွားမယ် ဖြစ်တဲ့အကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်းမြို့နယ်ရှိ တပ်တောင်-ရှူး-တမန်းဒူး-ကမ်းထောင်ကြီးလမ်းအထိ (၂၆)မိုင် (၁)ဖာလုံမှ တပ်တောင်- ရှူးလမ်းအပိုင်း (၁၆)မိုင် (၄)ဖာလုံကို၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်းမြို့နယ်ရှိ တပ်တောင်-ရှူး-တမန်းဒူး-ကမ်းထောင်ကြီးလမ်းအထိ(၂၆)မိုင် (၁)ဖာလုံမှ တပ်တောင်- ရှူးလမ်းအပိုင်း (၁၆)မိုင် (၄)ဖာလုံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မေးခွန်းကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်။ ကျွန်မ မေးခွန်းမှာပါတဲ့အတိုင်း ဒီ တပ်တောင်-ရှူးလမ်း (၁၆)မိုင် (၄)ဖာလုံကို ပြည်ထောင်စုအစိုးရကနေပြီးတော့ ၂၀၁၇-၂၀၁၈ မှာ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။

ကျွန်မရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ အမ်းမြို့နယ်ဟာ လူဦးရေစုစုပေါင်း(၁၁၀၀၀၀)ကျော်နေထိုင်ပြီးတော့ တပ်တောင်မြို့အပါအဝင် ရပ်ကွက်(၇)ခုရှိပါတယ်။ ကျေးရွာအုပ်စု(၂၉)အုပ်စု၊ ကျေးရွာပေါင်း(၂၄၀)၊ တိုင်းရင်းသား ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းနဲ့ ခမီး လူမျိုးများ နေထိုင်ကြပါတယ်။ ကျွန်မ မေးခွန်းမှာပါတဲ့ ရူး-တပ်တောင်လမ်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှာ ကျေးရွာချင်းဆက်လမ်းအဖြစ် စတင်ဆောင်ရွက်ခဲ့ပါတယ်။ အမ်း-တပ်တောင် လမ်းအဆုံးကနေပြီးတော့ရူးအထိ၊ ရူး ကနေပြီးတော့ ကမ်းထောင်ကြီးမြို့ အဝင်လမ်းဆုံအထိ(၂၆)မိုင် (၁)ဖာလုံရှိပြီးတော့ ကျွန်မဒီနေ့ မေးခွန်းမှာပါတဲ့ ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် တင်ပြတောင်းခံတဲ့လမ်းကတော့ (၁၆)မိုင် (၄)ဖာလုံရှိပါတယ်။

ဒါကြောင့်မို့လို့ ဒီလမ်းဟာဆိုရင်ဖြင့် မြို့ချင်းဆက်၊ မြေပုံမြို့နယ်နဲ့ ကျွန်မတို့ အမ်းမြို့နယ်ဆက်လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။ ဒီလမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့လွှဲအပ်ပေးတဲ့လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။ ဒီလမ်းမပေါ်မှာရွာပေါင်း(၉)ရွာ၊ ကျောင်းသား၊ ကျောင်းသူ၊ ပြည်သူများ သွားလာနေတဲ့ လမ်းမကြီးတစ်ခု ဖြစ်ပါတယ်။ တပ်တောင်-ရူး ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် တောင်းခံရတဲ့အကြောင်းအရင်းရှိပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ ရခိုင်ပြည်နယ်၊ အမ်းမြို့ဟာဆိုရင် နှစ်စဉ် ပျမ်းမျှမိုးရွာတဲ့ရက်ပေါင်း(၁၃၀)ကျော်ရှိပြီးတော့ မိုးရေချိန်လက်မ(၂၀၀)နီးပါး ရရှိပါတယ်။ မိုးများတဲ့ဒေသဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီမြေခံတွေဟာ ပျော့ပြီးတော့ လမ်းဆောက်လုပ်ရာမှာ ရိုးရိုးတန်းတန်းဆောက်လုပ်ဖို့ ဆိုတာထက် နည်းပညာလိုအပ်တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာလည်းပဲ ဒီအတိုင်း မိုးရာသီမှာ သုတေသနလုပ်ပြီးတော့ နည်းပညာအကူအညီ လိုတဲ့လမ်းပိုင်းဖြစ်ပါတယ်။

နောက်တစ်ခုက နှစ်စဉ် ဘဏ္ဍာငွေ ချထားပြီးတော့ လုပ်ပေမယ့် မိုးရာသီမှာ ဒီလမ်းတွေဟာမိုးရေနဲ့အတူပါသွား၊ နောက်နှစ်မှာ ဒီလမ်းကို ဒီအတိုင်းပဲပြုန်ပြီးတော့ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့နိုင်ငံတော်ဘတ်ဂျက်လည်း ဆုံးရှုံးလျက်ရှိပါတယ်။ ဒါကတော့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့က အဲဒီလမ်းမအခြေအနေဖြစ်ပါတယ်။ ဒါကျလို့ရှိရင်တော့ ၂၀၁၇ ဒီနှစ်ပါ။ ဇွန်လ ၁၅ ရက်နေ့က အဲဒီလမ်းက(၂)ပိုင်း ပိုင်းသွားတဲ့အခြေအနေကနေပြီးတော့ မိုင်တိုင်(၁၄/၇) အခြေအနေ ဖြစ်ပါတယ်။ ဒါက ပြန်လည်ပြုပြင်ဖို့ ကြိုးစားနေကြတဲ့အပိုင်းပါ။ ဇွန်လ ၁၅ ရက်အခြေအနေပါ။ ဒါက ကျွန်မရဲ့ အမ်းမြို့နယ်ကနေပြီးတော့ အဓိကလမ်းပိုင်းဖြစ်တဲ့ ရန်ကုန်-စစ်တွေ ကားလမ်းမပေါ်မှာ ကဇုကိုင်းကျေးရွာအနီးမှာ မကြာသေးမီရက်များအတွင်းက ဒီနိုင်ငံပိုင်မီဒီယာတွေမှာ အရေးကြီးဖော်ပြတဲ့ ဒီလမ်းဟာဆိုရင် ရေတံခွန်သဖွယ် လမ်းပေါ်ကို ရေကျော်နေပါတယ်။ ပြည်သူအများအပြား ဒုက္ခရောက်တဲ့ လမ်းပိုင်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မက မြို့ပေါ်မှာရှိကြတဲ့ ကျေးလက်နေပြည်သူများ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ ကျေးလက်နေ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ဘဏ္ဍာငွေအလဟဿ မဖြစ်စေရေးအတွက် ဒီလမ်းများပျက်စီးနေမှုများကို အချိန်မီထိန်းသိမ်းနိုင်ရန်အတွက်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ တပ်တောင်-ရှူးလမ်းအခြေအနေ မြင်ကွင်းပုံ (၃)



၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ တပ်တောင်-ရှူးလမ်းအခြေအနေ မြင်ကွင်းပုံ (၃-၁)



ရန်ကုန်-စစ်တွေကားလမ်း အမ်းမြို့နယ်၊ ကဇုကိုင်းကျေးရွာအနီး ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ လမ်းအခြေအနေ မြင်ကွင်းပုံ (၃-၂)



**စစ်ကိုင်းတိုင်းဒေသကြီး၊ မူးသာ - မန်းကျီးကုန်း- တောင်ကြား -လင်းတလူး-ချိုင်းကြီး လမ်းပေါ်ရှိ မိုင်တိုင် (၆/၁) နှင့် (၆/၇) ကြားရှိ (၁၂၀)ပေ အရှည် ရေကျော် (၄)စင်း နှင့် ကျိုးပြတ် ပျက်စီးနေသော လမ်းအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း က စစ်ကိုင်းတိုင်းဒေသကြီး၊ မူးသာ - မန်းကျီးကုန်း- တောင်ကြား -လင်းတလူး-ချိုင်းကြီး လမ်းပေါ်ရှိ မိုင်တိုင် (၆/၁)နှင့် (၆/၇) ကြားရှိ (၁၂၀)ပေအရှည် ရေကျော်(၄)စင်းနှင့် ကျိုးပြတ်ပျက်စီးနေသော လမ်းအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မူးသာ-မန်းကျီးကုန်း-တောင်ကြား-လင်းတလူး-ချိုင်းကြီးလမ်းပေါ်ရှိ မိုင်တိုင်(၆/၁)နှင့် (၆/၇) ကြားရှိ (၁၂၀)ပေအရှည် ရေကျော်(၄)စင်း ကျိုးပြတ်ပျက်စီးနေတဲ့လမ်းအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်နားရက်အတွင်းမှာ စစ်ကိုင်းမြို့နယ်၊ မူးသာ၊ မန်းကျီးကုန်းရွာများကို လူထုတွေ့ဆုံပွဲ သွားရောက်ခဲ့ပါတယ်။ ရွာမှလူများက ကျွန်တော်တို့ကို ချိုင်းကြီးရွာအထိ လာရောက်ကြိုဆိုကြပါတယ်။ ထိုသို့ လာရောက်ကြိုဆိုရတဲ့ အကြောင်းအရင်းကတော့ ၎င်းတို့ရွာကိုသွားတဲ့လမ်းကို ပြသလိုတဲ့အတွက် ဖြစ်ပါတယ်။ ၎င်းလမ်းဟာ ချိုင်းကြီး ရွာမှ လင်းတလူးရွာ၊ လင်းတလူးရွာမှ တောင်ကြားရွာ၊ တောင်ကြားရွာမှ မန်းကျီးကုန်းရွာ၊ မန်းကျီး ကုန်းရွာမှ မူးသာရွာသို့ သွားတဲ့လမ်း ဖြစ်ပါတယ်။ တောင်ကြားရွာနဲ့ မန်းကျီးကုန်းရွာ သွားတဲ့လမ်းဟာ ရေကျော်(၄)ခု တည်ရှိပြီး ယခင်က ကောင်းမွန်တဲ့လမ်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က မိုးရေကြီးပြီးတော့ ချောင်းရေတိုက်စားမှုကြောင့် တစ်ရွာနှင့်တစ်ရွာ ရွာချင်းဆက် အလွယ်တကူ သွားလာလို့ရတဲ့လမ်းဟာ ကျိုးပြတ် ပျက်စီးပြီးတော့ လမ်းဟာ လုံးဝပျက်စီးပြီးတော့ သွားလာလို့မရတော့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာ တောင်းခံအပ်ပါတယ် ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ကျိုးပြတ် ပျက်စီးနေတဲ့အပိုင်းတွေပါ။ ဒါလည်း ကျိုးပြတ်ပျက်စီးနေတဲ့ အပိုင်းတွေပါ။ ဒါလည်း အဲဒီရေကျော်တွေရဲ့ ပျက်စီးနေတဲ့အပိုင်းတွေပါ။ အဲဒီတော့ ကျွန်တော်တို့ ပြောလိုတာက ဒီလမ်းကြီးတစ်ခုလုံးဟာ လုံးဝကို သုံးမရတော့တဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းနဲ့ပတ်သက်ပြီးတော့ ဒေသခံပြည်သူများက တင်ပြမှုကြောင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာများမှ ရပ်မိရပ်ဖများ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီးဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် စစ်ကိုင်းမြို့နယ် လမ်းဦးစီးဌာနမှလည်းကောင်း၊ စစ်ကိုင်းခရိုင်လမ်းဦးစီးဌာနမှလည်းကောင်း၊ လမ်းဦးစီးဌာန တိုင်းဒေသကြီး မုံရွာမြို့သို့ အဆင့်ဆင့် တင်ပြထားပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ သို့သော် ယနေ့အချိန်အထိ ၎င်းလမ်းနှင့် ပတ်သက်၍ ဆောင်ရွက်ရန် ရန်ပုံငွေ ရရှိသည်၊ မရရှိသည်ကိုလည်း မသိရှိရပါ။ ဒါ့အပြင် ဆောင်ရွက်ပေးမည်၊ မပေးမည်ကိုလည်း မသိရှိရပါ။ သို့ဖြစ်ပါ၍ ကျွန်တော်၏ မဲဆန္ဒနယ်မှ ဒေသခံမဲဆန္ဒရှင် ပြည်သူများရဲ့ တင်ပြချက်အရ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်၍ မူးသာ-မန်းကျီးကုန်း-တောင်ကြား-လင်းတလူး-ချိုင်းကြီးလမ်းပေါ်ရှိ မိုင်တိုင်(၆/၁) နဲ့ မိုင်တိုင်(၆/၇) ကြားရှိ (၁၂၀)ပေအရှည် ရေကျော်(၄)စင်းနှင့် ကျိုးပြတ် ပျက်စီးနေတဲ့လမ်းအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

မိုင်တိုင် ၆/၁ မှ ၆/၇ ကြားရှိ (၁၂၀)ပေ အရှည် ရေကျော် (၄)စင်း ကျိုးပြတ်ပျက်စီးနေပုံ (ပ)



မိုင်တိုင် ၆/၁ မှ ၆/၇ ကြားရှိ (၁၂၀)ပေ အရှည် ရေကျော် (၄)စင်း ကျိုးပြတ်ပျက်စီးနေပုံ (ပ-၁)



မိုင်တိုင် ၆/၁ မှ ၆/၇ ကြားရှိ (၁၂၀)ပေ အရှည် ရေကျော် (၄)စင်း ကျိုးပြတ်ပျက်စီးနေပုံ (ပ-၂)



**ကချင်ပြည်နယ်၊ ဗန်းမော်မြို့တွင် အမှန်တကယ် လိုအပ်နေသော ကားကြီး၊ ကားလေး ယာဉ်ရပ်နားကွင်းကို (၃)မိုင်ကွက်သစ်တွင် အဆင့်မြင့် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင် က ကချင်ပြည်နယ်၊ ဗန်းမော်မြို့တွင် အမှန်တကယ် လိုအပ်နေသော ကားကြီး၊ ကားလေး ယာဉ်ရပ်နားကွင်းကို (၃)မိုင် ကွက်သစ်တွင် အဆင့်မြင့် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာကတော့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့တွင် အမှန်တကယ်လိုအပ်နေသော ကားကြီး၊ ကားလေးယာဉ်ရပ်နားကွင်းကို (၃)မိုင်ကွက်သစ်တွင် အဆင့်မြင့် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း ဖြစ်ပါတယ်။

ဒီမေးခွန်းနဲ့ ပတ်သက်ပြီး မေးမြန်းရတဲ့အကြောင်းပြချက်များကို ကျွန်တော် အနည်းငယ် တင်ပြပါမယ်။ ကချင်ပြည်နယ်၊ ဗန်းမော်မြို့သည် ကချင်ပြည်နယ်၏ ဒုတိယအကြီးဆုံးသောမြို့ကြီး ဖြစ်ပြီး ဗန်းမော်-မန္တလေး ကားလမ်း၊ ဗန်းမော်-မြစ်ကြီးနား ကားလမ်း၊ ဗန်းမော်-မိုးမောက်-ကျောက်စခန်း-

လွယ်ကျယ် ကားလမ်းများဆုံရာ မြို့တစ်မြို့ ဖြစ်ပါတယ်။ ဗန်းမော်မြို့ထဲမှာ ဖော်ပြပါ ဆက်စပ်မြို့များမှ ကားကြီး၊ ကားလေး၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များ တစ်နေ့တခြား များပြားနေပါတယ်။ ဗန်းမော်မြို့ထဲတွင် မော်တော်ယာဉ်ကြီးများဖြစ်တဲ့ (၁၂)ဘီးကား၊ (၁၀)ဘီးကားများ၊ (၆)ဘီးကားများ မန္တလေး-မြစ်ကြီးနား-လွယ်ကျယ်မြို့များသို့သွားတဲ့ မှန်လုံကားများဖြင့် ဗန်းမော်မြို့ထဲတွင် ပြည့်ကြပ်၍ ယာဉ်ကြောများပိတ်ခြင်း၊ ကားမတော်တဆမှုများ ဖြစ်ပွားခြင်းများ နေ့စဉ် ကြုံတွေ့နေရပါတယ်။ ဒီလိုဖြစ်ရခြင်းဟာ ဗန်းမော်မြို့တွင် သတ်သတ်မှတ်မှတ် ကားကြီးကွင်း၊ ကားလေးကွင်းမရှိ၍ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကချင်ပြည်နယ်၊ ဗန်းမော်မြို့တွင် အမှန်တကယ်လိုအပ်နေသည့် ကားကြီး၊ ကားလေး ယာဉ်ရပ်နားကွင်းအား (၃)မိုင်ကွက်သစ်တွင် အဆင့်မြင့် ကားကြီး၊ ကားလေး ယာဉ်ရပ်နားကွင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ဗန်းမော်မြို့နေပြည်သူလူထု၏ဆန္ဒအရ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ မှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်းမြို့နယ်ရှိ တပ်တောင်-ရှူး-တမန်းဒူး-ကမ်းထောင်ကြီးလမ်းထောင့်ရှိ (၂၆)မိုင် (၁)ဖာလုံမှ တပ်တောင်-ရှူး လမ်းအပိုင်း (၁၆)မိုင် (၄)ဖာလုံအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ တပ်တောင်-ရှူး-တမန်းဒူး-ကမ်းထောင်ကြီးလမ်းဟာ တပ်တောင်မှ ကမ်းထောင်ကြီးလမ်းဆုံအထိ (၂၆)မိုင် (၁)ဖာလုံ ရှည်လျားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ တပ်တောင်-ရှူး-တမန်းဒူး-ကမ်းထောင်ကြီးလမ်းကို ယခင်က စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက လွှဲပြောင်းလက်ခံခဲ့ခြင်းဖြစ်ပါတယ်။ လမ်းဦးစီးဌာန အနေဖြင့် ၎င်းလမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုနှင့် ပြည်နယ်

ရန်ပုံငွေကျပ်(၁၀၅၆.၉)သန်းဖြင့် လမ်း၊ တံတား တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေ စုစုပေါင်းကျပ်(၃၀၄.၄၆)သန်းဖြင့်(၃၄)ပေအကျယ် မြေသားတာဘောင်တင်၍ ဖြူန်းကျောက်စရစ်ခင်းခြင်း (၄)မိုင် (၁)ဖာလုံကိုလည်းကောင်း၊ (၅၀)ပေအောက် R.C.C Box Culvert (၁၃)စင်း တည်ဆောက်ခြင်းနှင့် တံတား(၃)စင်း၏ ဘီးလမ်းကြမ်းများလဲလှယ်ခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအခြေအနေအရ တပ်တောင်-ရှူး-တမန်းဒူး-ကမ်းထောင်ကြီးလမ်း (၂၆)မိုင် (၁)ဖာလုံအနက် တပ်တောင်-ရှူးအပိုင်း (၁၆)မိုင် (၄)ဖာလုံမှာအမာခံလမ်း(၁၅)မိုင်နဲ့ မြေသားလမ်း (၁)မိုင် (၄)ဖာလုံရှိပြီးတော့ ရှူး-တမန်းဒူး-ကမ်းထောင်ကြီးအပိုင်း (၉)မိုင် (၅)ဖာလုံမှာ မြေလမ်းအမျိုးအစား ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကိုယ်စားလှယ်တော်ကြီး ဒေါ်ထုမေ Power Point ဖြင့် ဆွေးနွေးတင်ပြသွားတာလေးကို အနည်းငယ် ရှင်းလင်းခွင့်ပြုပါခင်ဗျား။ ဒီ Power Point မှာ ရှင်းလင်းတင်ပြသွားတဲ့ လမ်းပိုင်းဆိုင်ရာ ပျက်စီးမှုတွေဟာ ကျွန်တော်တို့ ယမန်နှစ် မိုးတွင်းကာလမှာ ပျက်စီးခဲ့တဲ့ အပျက်အစီးတွေကို ဖော်ပြထားတာကို တွေ့ရှိရပါတယ်ခင်ဗျား။ ဒါတွေကလည်းပဲ အဲဒီလမ်းဟာ အမာခံလမ်း အမျိုးအစားဖြစ်တဲ့အတွက်၊ မြေသားလမ်းသာသာ အခြေအနေဖြစ်တဲ့အတွက် နှစ်စဉ် မိုးရွာ၊ ရေကြီးတိုင်း လမ်းများဟာ ပျက်စီးရပါတယ်ခင်ဗျား။ မိုးကုန်လို့ရှိရင်တော့ကျွန်တော်တို့ ပြန်လည်ပြင်ဆင်ပြီးတော့ ပုံမှန်အတိုင်းသွားလာနိုင်အောင်လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီမေးခွန်းကို မဖြေခင်မှာ ပြီးခဲ့တဲ့ မေလ ၂၄ ရက်နေ့မှာ ဒီဒေသကို သွားရောက်ဖို့ ကျွန်တော်တို့ဆီက အင်ဂျင်နီယာချုပ်တစ်ဦးနဲ့ ကျွန်တော်တို့ဆီက ဒေသခံညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး တို့အဖွဲ့တွေက ကွင်းဆင်းစစ်ဆေးတဲ့နေရာမှာ အဆိုပါ တပ်တောင်-ရှူးလမ်းအပိုင်း ယမန်နှစ် ပျက်စီးတဲ့အပိုင်းတွေအားလုံးဟာ ပြင်ဆင်ပြီးတဲ့အပြင် ပြန်လည်ကောင်းမွန်အောင် လုပ်ထားတာတွေလည်း အဲဒီအပိုင်း (၁၆)မိုင် (၄)ဖာလုံအပိုင်းကို နာရီဝက်နဲ့သွားလာနိုင်ကြောင်း ဓာတ်ပုံမှတ်တမ်းများနဲ့ ပြန်လည်တင်ပြလာတာ တွေ့ရှိရပါတယ်။

ဆက်လက်ပြီးတော့ ကိုယ်စားလှယ်ကြီး ဒေါ်ထုမေ မှ အခု ၁၇ ရက်နေ့ ဒီ ပြီးခဲ့တဲ့ ဇွန်လ ၁၀ ရက်နေ့ကနေ ၁၅ ရက်နေ့ကြားမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးသွားတဲ့ လမ်းပိုင်းလေးတွေ ရှိပါတယ်။ ပျက်စီးတယ် ဆိုတဲ့နေရာမှာလည်း ကျွန်တော်တို့ အမ်းအကျော် ကျွန်တော်တို့ အမ်းအကျော်မှာရှိတဲ့ ကဇုကိုင်းကျေးရွာအနီးမှာဆိုရင် ရေတံခွန်ကြီးလို ဖြစ်နေတဲ့ဟာတွေ ရှိပါတယ်။ ဓာတ်ပုံမှာလည်း ဖော်ပြထားတာလည်း ရှိပါတယ်။ ဒီအပိုင်းကိုလည်း ကျွန်တော်တို့အနေနဲ့ စီမံချက်ချမှတ်ပြီးတော့ ကျွန်တော်တို့ ဘေလီတံတား ထိုးခဲ့တဲ့နေရာမှာ ဘေလီတံတား ထိုးပြီးသွားတဲ့အတွက် ကျွန်တော်တို့ ပြီးခဲ့တဲ့စနေနေ့ကပဲ မော်တော်ကားတွေအားလုံး ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဒီလို Disaster တွေ မိုးတွင်းကာလ မတိုင်ခင်မှာကတည်းက ဒီမိုးတွင်းမှာ တစ်စုံတစ်ရာဖြစ်ခဲ့ရင်ဆိုတဲ့ စီမံချက်များချပြီးတော့ ရခိုင်ပြည်နယ်မှာဆိုရင် (၄)နေရာ ရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့ သံတွဲမှာရယ်၊ အမ်းမှာရယ်၊ ကျွန်တော်တို့ ကျောက်တော်မှာရယ်၊ စစ်တွေမှာရယ်၊ ကျွန်တော်တို့ ဘေလီတွေ ကြိုပို့ထားတာရှိပါတယ်။ စက်၊ ယာဉ်၊ ယန္တရားတွေ ကြိုပို့ထားတာရှိပါတယ်။ လုပ်သားတွေ ကြိုပို့ထားပါတယ်။ ဒီတိုင်းပါပဲ၊ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ ကချင်ပြည်နယ်၊ ကယား

ပြည်နယ်၊ ချင်းပြည်နယ် နိုင်ငံအနှံ့အပြား Disaster ဖြစ်နိုင်တဲ့ နေရာတွေအားလုံးကို ဘေလီသံဘောင်များနဲ့ ကျွန်တော်တို့ ဒီ စက်၊ ယာဉ်၊ ယန္တရားများ ကြိုပို့ထားတဲ့အတွက် Disaster ဖြစ်ဖြစ်ချင်း ကျွန်တော်တို့ ဖြေရှင်းနိုင်တဲ့ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်အောင် ဖြေရှင်းနိုင်တဲ့ အနေအထားလေးတွေ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့တဲ့ ဓာတ်ပုံတွေအားလုံးဟာ အခုဆိုရင် ပြတ်တောက်မှု မရှိဘဲနဲ့ ဒီနေ့ဆိုရင် ချောချောမောမောသွားလာနိုင်ကြောင်း ဒီနေရာကနေ တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ခွဲဝေရရှိတဲ့ ပြည်နယ်ငွေလုံးငွေရင်း ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေစုစုပေါင်း(၁၉၁.၉၆)သန်းဖြင့် တပ်တောင်-ရှူးလမ်းအပိုင်း (၁၆)မိုင် (၄)ဖာလုံမှာ ဆောင်ရွက်ရန် ကျန်ရှိနေတဲ့မြေလမ်း (၁)မိုင် (၄)ဖာလုံကို (၄၀)ပေအကျယ် မြေသားတာဘောင်တင်၍ (၁၈)ပေအကျယ် ပြုန်းကျောက်စရစ်ခင်းခြင်း၊ လုပ်ချောင်းတံတားအား (၁၀၀)ပေအရှည် ဘေလီတံတားတစ်စင်း တည်ဆောက်ခြင်း၊ ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ် တံတားတစ်စင်း တည်ဆောက်ခြင်း၊ သစ်သားတံတား(၃)စင်း၏ ဘီးလမ်းကြမ်းခင်းများပြုပြင်ခြင်းနှင့် လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ပေးသွားမှာဖြစ်လို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အကုန်မှာဆိုရင်တော့ တပ်တောင်-ရှူးလမ်းအပိုင်း (၁၆)မိုင် (၄)ဖာလုံစလုံးဟာ အမာခံလမ်းအဆင့်ကို တစ်ပြေးညီ ရောက်ရှိသွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိအခြေအနေအရ တပ်တောင်-ရှူး-တမန်းဒူး-ကမ်းထောင်ကြီးလမ်း(၂၆)မိုင် (၁)ဖာလုံမှာ တပ်တောင်-ရှူးအပိုင်း (၁၆)မိုင် (၄)ဖာလုံမှာ အမာခံလမ်းအဆင့်သို့ အားလုံးနီးပါး ရောက်ရှိနေပြီ ဖြစ်သော်လည်းပဲ ကျန်ရှိနေတဲ့ ရှူး-တမန်းဒူး-ကမ်းထောင်ကြီးပိုင်း (၉)မိုင်(၅)ဖာလုံကို အမာခံလမ်းအဆင့်ရောက်အောင် ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့ တပ်တောင်-ရှူးအပိုင်း (၁၆)မိုင်(၄)ဖာလုံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းသို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါသော်လည်းပဲ ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဆင့်သို့ ရောက်ရှိအောင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေမှာ ထည့်သွင်းရေးဆွဲပြီးတော့ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်းမှ မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မူးသာ - မန်းကျီးကုန်း- တောင်ကြား -လင်းတလူး-ချိုင်းကြီး လမ်းပေါ်မှာရှိတဲ့ မိုင်တိုင်(၆/၁)နှင့် (၆/၇) ကြားရှိ (၁၂၀)ပေအရှည် ရေကျော်(၄)စင်းနှင့် ကျိုးပြတ်ပျက်စီးနေသော လမ်းအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မူးသာ-မန်းကျီးကုန်း-တောင်ကြား-လင်းတလူး-ချိုင်းကြီး

လမ်းဟာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီးတော့ (၇)မိုင်(၆)ဖာလုံ ရှိပါတယ်။ အဆိုပါလမ်းပိုင်းမှာရှိတဲ့ မိုင်တိုင်(၆)နှင့် (၇)နှင့်ကြားမှာ (၆)ဖာလုံခန့်နေရာဟာ အထက်ဘက်မှာ သိမ်ချောင်း၊ အောက်ဘက်မှာ မူးမြစ်ကြားမှာ တည်ရှိပြီးတော့ မြေပြင်အနေအထားအရ အနိမ့်ဆုံးနေရာမှာရှိတဲ့အတွက် သိမ်ချောင်းရေနဲ့ မူးမြစ်ရေ တိုးတဲ့အခြေအနေမှာ အင်းကြီးအဖြစ်နဲ့ တည်ရှိနေတာဖြစ်ပါတယ်။ ၎င်းလမ်းပိုင်းပေါ်မှာ (၃)ပေခန့်က နှစ်စဉ်ရေမြှုပ်နေပါတယ်။ ရေသွားလမ်းကြောင်းကျပြီးတော့ ရေစီးဟာလည်း အလွန်သန်တဲ့ အတွက်ကြောင့်မို့လို့ ရေကြီးတဲ့ အချိန်မှာဆိုရင် စက်လှေများတောင်မှ ကူးရန်ခက်ခဲတဲ့ အခြေအနေရှိပါတယ်။ ဒါကြောင့်မို့လို့ မန်းကျီးကုန်း၊ မူးသာမှ ပြည်သူများဟာ ရွှေကြွယ်ပုံ-တောင်မြို့-မူးသာဘက်ရှိ လမ်းပိုင်းကို ပြန်လှည့်ပြီးတော့မှ အသုံးပြုနေရတဲ့အခြေအနေရှိပါတယ်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လနဲ့ အောက်တိုဘာလများမှာ မိုးသည်းထန်စွာ ရွာသွန်းပြီးတော့ သိမ်ချောင်းရေနဲ့ မူးမြစ်ရေ အဆမတန်မြင့်တက်မှုတို့ကြောင့် မန်းကျီးကုန်းနဲ့ တောင်ကြားလမ်းအပိုင်း မိုင်တိုင်(၆)နှင့်(၇)နှင့်ကြားမှာရှိတဲ့ (၁၂၀)ပေအရှည် ရေကျော်(၄)စင်း၊ (၅၅)ပေအရှည် ရေကျော်(၁)စင်း အပါအဝင် လမ်းအရှည် (၆)ဖာလုံခန့်ဟာ ပျက်စီးခဲ့ပါတယ်။ ဒီလိုပျက်စီးခဲ့မှုတွေကို ပြန်လည်ပြုပြင်ဖို့အတွက် ရန်ပုံငွေ တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေကန့်သတ်ချက်အရ ရန်ပုံငွေမရရှိခဲ့ပါဘူးခင်ဗျား။ သို့သော်လည်းပဲ ရေကျော်ဘေးမှ ရှောင်ကွင်းသွားလာနိုင်ရန် အချို့နေရာတွေမှာ မြေဖို့ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ တိုင်းဒေသကြီးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားတဲ့အတွက် ပွင့်လင်းရာသီမှာတော့ သွားလာနိုင်တဲ့အနေအထားရှိပါတယ်။

ထို့အပြင် မူးသားမှ စစ်ကိုင်း-ရွှေဘိုလမ်းမကြီးသို့ ဆက်သွယ်နိုင်ရန် မူးသာ-မန်းကျီးကုန်း-တောင်ကြား-လင်းတလူး-ချိုင်းကြီးလမ်းအပြင် ရွှေကြွယ်ပုံ-တောင်မြို့-မူးသာလမ်းပိုင်းမှ ဆက်သွယ်သွားလာနိုင်ပြီး ဆိုလိုတာကတော့ ဒီအနီးရောင် ရဲရဲတောက်လမ်းမကြီးအစားကို ခရမ်းရောင်ဘက်ကနေ ပြန်လှည့်ပြီးသွားလို့ရတယ်ဆိုတဲ့ အနေအထားလေး ပြတာဖြစ်ပါတယ် ခင်ဗျား။ အဲဒီလမ်းပိုင်းမှာ လမ်းတာပေါင် တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ထားပြီးဖြစ်တဲ့အတွက် မန်းကျီးကုန်းရွာမှ မူးသာ-တောင်ကြား-ရွှေကြွယ်ပုံလမ်းပိုင်းအတိုင်း သွားလာနိုင်တဲ့အတွက် လမ်းပိုင်းဆက်သွယ်မှုကတော့ ပြတ်တောက်မှုမရှိပါဘူးခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူးသာ-မန်းကျီးကုန်း-တောင်ကြား-လင်းတလူး-ချိုင်းကြီးလမ်းမှာ (၁၂၀)ပေအရှည် ရေကျော်(၄)စင်း၊ (၅၅)ပေအရှည် ရေကျော်(၁)စင်းနဲ့ ပျက်စီးသွားတဲ့လမ်းပိုင်း (၆)ဖာလုံခန့်အား ပြန်လည်တည်ဆောက်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေမှာ ဆက်လက်ထည့်သွင်းလျာထားခဲ့သော်လည်းပဲ ရန်ပုံငွေကန့်သတ်ချက်အရ အတည်ပြုလျာထားချက်တွင် ပါဝင်ခဲ့ခြင်းမရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ရဲ့ ဖြည့်စွက်ရန်ပုံငွေမှာ ထပ်မံတင်ပြသွားမှာ ဖြစ်ပါတယ်။ ၎င်းအပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစပြီးတော့ မူလရန်ပုံငွေစာရင်းမှာ ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီးတော့ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် မှ ကချင်ပြည်နယ် အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့တွင် အမှန်တကယ် လိုအပ်နေသော ကားကြီး၊ ကားလေး ယာဉ်ရပ်နားကွင်းအား (၃)မိုင်ကွက်သစ်တွင် အဆင့်မြင့် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့တွင် လိုအပ်လျက်ရှိတဲ့ ကားကြီး၊ ကားလေး ယာဉ်ရပ်နားကွင်းအား (၃)မိုင် မြို့ကွက်သစ် ဧရိယာ (၂၀.၄၅) ဧကပေါ်မှာ ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဝေးပြေးယာဉ်ရပ်နားစခန်းမှာ ကားကြီးကွင်း၊ ကားလေးကွင်း၊ ကုန်တင်ယာဉ်ရပ်နားစခန်း၊ ပွဲရုံများ၊ စားသောက်ဆိုင်၊ တည်းခိုခန်း၊ မော်တော်ယာဉ်ပြင် အလုပ်ရုံများ အားလုံးပါဝင်မှာဖြစ်ပါတယ်။ အဆိုပါ အဝေးပြေးယာဉ်ရပ်နားစခန်း ဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူခဲ့တဲ့အခါမှာ ဆွတ်ဖယ်မလီဂရု(ပ်)ကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့သဖြင့် (၃)မိုင်မြို့ကွက်သစ်မှာ အဆင့်မြင့် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်နိုင်ရေးအတွက် စာချုပ်မူကြမ်းအပေါ် စိစစ်ဆောင်ရွက်လျက်ရှိပြီးတော့ စာချုပ်ချုပ်ဆိုပြီးပါက အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်းအား ယခုဘဏ္ဍာရေးနှစ်မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက် ၇-၃-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော် သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာ စေကြောင်း ဆုမွန်တောင်းလို့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ ဆွေးနွေးမှာကတော့ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ဖြစ်ပါတယ်။ အပိုဒ်(၇) ကျွန်တော်တို့ လိုင်စင် ဥပဒေ၊ အဲဒါ ဒီဥပဒေကို ကျွန်တော် ပုဒ်မ ၂ (ဆ) ကို စပြီး ကျွန်တော် ဆွေးနွေးမှာပါ။

ပုဒ်မ ၂(ဆ)မှာ ပြည်သူ့ရေကြောင်း ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာနေသော ရေကြောင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပို့ဆောင်ရေး ဝန်ကြီးဌာနက အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော ရေလမ်းကြောင်း တစ်ခုခုလည်း ပါဝင်သည်ဆိုတဲ့နေရာမှာ ကျွန်တော်တစ်ခုခုကို ပယ်ဖျက်ပြီးတော့ ရေလမ်းကြောင်းများလည်း ပါဝင် သည်လို့ ကျွန်တော် ပြင်ဆင်မှာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ရေလမ်းကြောင်းလို့ သုံးတဲ့အခါမှာ တစ်ခုခုလို့ သုံးလေ့မရှိဘဲနဲ့ တစ်ခုခုလို့ သုံးတဲ့နေရာမှာ ပစ္စည်းတို့၊ အခြားပစ္စည်းတစ်ခုခုကို တစ်ခုခုလို့ သုံးပါတယ်။ နောက်ပြီး လူ၊ ပုဂ္ဂိုလ်ဆိုရင် တစ်ဦးဦး၊ တစ်ယောက်ယောက် စသည်ဖြင့် သုံးတဲ့အတွက် ရေလမ်းကြောင်းကို ရေလမ်းကြောင်းများ ပါဝင်သည်ဆိုပြီး ပြန်လည်ပြင်ဆင်တဲ့အခါမှာ ပိုပြီးတော့ ပြည့်စုံမယ်လို့ ယူဆတဲ့အတွက် ကျွန်တော် တစ်ခုခုဆိုတာကို ပယ်ဖျက်ပြီးတော့ ရေလမ်းကြောင်း များလည်း ပါဝင်သည်လို့ Definition ကို ဖွင့်ချင်ပါတယ်။

နောက် ဇ ဖြစ်ပါတယ်။ ၂(ဇ) ဖြစ်ပါတယ်။ ၂(ဇ) က ရေယာဉ်ဆိုသည်မှာ စီးပွားရေးလုပ်ငန်း အလို့ငှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည် (၂)မျိုးစလုံးကိုဖြစ်စေ ရေကြောင်း၌ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော စက်တပ်ရေယာဉ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုးပါဝင်သည်လို့ ဆိုတယ်။ ဒီနေရာမှာ ကျွန်တော်တို့က Definition ဖွင့်တဲ့အခါမှာ ရေယာဉ် ဆိုသည်ဆိုတဲ့ စကားရပ်က မဖြစ်မနေ ထည့်ရမှာဖြစ်တယ်။ ဒီ အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ ဆိုသည်ဆိုတဲ့ စကားရပ် မထည့်ဘဲနဲ့ တစ်မျိုးမျိုးပါဝင်သည် ဆိုတာ ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ မပြည့်စုံဘူး လို့ ယူဆတဲ့အတွက် တစ်မျိုးမျိုး ဆိုတဲ့ဟာကို ပယ်ဖျက်ပြီးတော့ စက်တပ်ရေယာဉ် သို့မဟုတ် စက်မဲ့ ရေယာဉ်ကို ဆိုသည်လို့ ကျွန်တော် ဒီလို ပြင်ဆင်ချင်ပါတယ်။

နောက် ပုဒ်မ ၁၁ ဖြစ်ပါတယ်။ အခန်း(၆)က ရေကြောင်းသယ်ယူ ပို့ဆောင်ခြင်းလုပ်ငန်း တစ်ခုခုကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ လုပ်ကိုင်သူသည် သက်ဆိုင်သည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ သို့ လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်ဆိုတဲ့ နေရာမှာ ကျွန်တော် လုပ်ငန်းတစ်ခုခုကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆိုတဲ့စကားရပ်ကို ဒီမှာ ပယ်ဖျက်ရမှာ ဖြစ်ပါတယ်။

ဒီစကားရပ်က ပိုနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် တစ်ခုခုကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆိုတဲ့ဟာကို ပယ်ဖျက်ဖို့အတွက် ကျွန်တော် ဒီမှာ ဆွေးနွေးတာဖြစ်ပါတယ်။

နောက် ပုဒ်မ ၁၄ ဖြစ်ပါတယ်။ ပုဒ်မ ၁၄ ကတော့ ဒါ ကျွန်တော် အသစ်ဖြည့်စွက်ချင်တဲ့ ပုဒ်မ ဖြစ်ပါတယ်။ အသစ်ဖြည့်စွက်ပြီးတော့ ပြင်ဆင်ချင်တာဖြစ်ပါတယ်။ ၁၄ ကို ပုဒ်မခွဲ(ဃ) အဖြစ် အသစ်ဖြည့်စွက်ချင်ပါတယ်။ ဒါကဘာလဲဆိုတော့ လုပ်ငန်းလိုင်စင်များကို လူအများ လွယ်ကူစွာ ဖတ်ရှုနိုင်ရေး ရေယာဉ်၏ မြင်သာသောနေရာတွင် ချိတ်ဆွဲထားရမည်ဆိုပြီးတော့ ကျွန်တော် ပုဒ်မ ၁၄ ရဲ့(ဃ)ကို ကျွန်တော် ဒီမှာ ဖြည့်စွက်ချင်တာ၊ ဘာဖြစ်လို့ ပုဒ်မ ၁၄ ရဲ့ အောက်မှာဖြည့်လဲဆိုတော့ ဒီပုဒ်မက ပြစ်မှု ပြစ်ဒဏ်ရှိပါတယ်။ ဒါပေမဲ့ သို့သော်ဒီမှာ အပြစ်ဒဏ်အနေနဲ့က ဒဏ်ကြေးလောက်ပဲ ရှိပါတယ်၊ နောက်ပြီး ဒီပုဒ်မကို ကျူးလွန်တဲ့အခါကျရင် ဒီလိုင်စင်ကို ရပ်ဆိုင်းနိုင်တယ်၊ ပယ်ဖျက်နိုင်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလိုင်စင်တွေကို ကျွန်တော်တို့ ကားတွေ၊ ဆိုင်ကယ်တွေလိုပဲ၊ ဝှီးတက်တွေကို မြင်သာတဲ့နေရာမှာ ချိတ်ဆွဲထားမှသာလျှင် မည်သည့်ရေယာဉ်သည် လိုင်စင်ရှိပြီးသား ရေယာဉ်ဖြစ်သည်၊ လိုင်စင်မရှိတဲ့ ရေယာဉ်ဆိုတာ သီးခြားအလွယ်တကူ သိရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ဒီပုဒ်မကို အသစ်ပြင်ဆင်ထားပြီးတော့ ပုဒ်မ ၁၄ ရဲ့(ဃ)ရဲ့အောက်၊ ၁၄ ထဲမှာ ကျွန်တော် ထည့်ပြီး၊ ပုဒ်မ ၁၄(ဃ) အဖြစ် ဒါ ပြင်ဆင်ချင်တာ ဖြစ်ပါတယ်။

နောက် ပုဒ်မ ၁၅ ဖြစ်ပါတယ်။ ပုဒ်မ ၁၅၊ အစိုးရအဖွဲ့၏ သဘောတူညီချက်နဲ့ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် ရေယာဉ်များအား လုပ်ငန်းလိုင်စင်ရယူခြင်းနှင့် စပ်လျဉ်း၍ ကင်းလွတ်ခွင့်ရှိသည်ဆိုတဲ့ နေရာမှာ ကျွန်တော် အစိုးရပိုင်၊ အဖွဲ့အစည်းပိုင် ရေယာဉ်များ သို့မဟုတ် တပ်မတော်ပိုင် ရေယာဉ်များကို လိုင်စင်ရယူခြင်းနဲ့ စပ်လျဉ်း၍ ကင်းလွတ်ခွင့်ရှိသည်လို့ ကျွန်တော် ဒီနားမှာ သို့မဟုတ် တပ်မတော်ပိုင်ရေယာဉ်ဆိုတဲ့ စကားရပ်ကို အသစ်ဖြည့်စွက်ချင်တာဖြစ်ပါတယ်။

နောက် ပုဒ်မ ၁၆ ဖြစ်ပါတယ်။ ပုဒ်မ ၁၆ ကတော့ ဤဥပဒေအရ အာဏာတည်သောနေ့တွင် လို့ ဆိုတဲ့နေရာမှာ အာဏာတည်သောနေ့တွင် ဆိုတဲ့အရာကို ကျွန်တော် ပယ်ဖျက်ပြီးတော့ ဤဥပဒေအရ မြန်မာ့ကမ်းရိုးတန်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ပြဋ္ဌာန်းချက်မှာ ၁၉၅၄ ခုလို့ ပြဋ္ဌာန်းထားတယ်။ ဒီနေရာမှာ ၁၉၅၄ ခုနှစ် ဥပဒေကို ၁၉၅၅ ဥပဒေ သဘော်သွားလာမှု အုပ်ချုပ်ရေး အက်ဥပဒေ ပြင်ဆင်ချက်နဲ့ ရုပ်သိမ်းထားပြီးဖြစ်တဲ့အတွက် ၁၉၅၅ ခုနှစ်လို့ရေးမှသာလျှင် ဒါက မှန်ကန်မှာ ဖြစ်ပါတယ်။ ၅၄ ခုနှစ်၊ ဥပဒေကို ၅၅ ပြင်ဆင်ချက်နဲ့ ကျွန်တော်တို့ ဒါရုပ်သိမ်းထားပြီးလို့ ဖြစ်တဲ့အတွက် ၅၅ လို့ ရေးရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ၁၉၆၃ ခု၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအရ ဥပဒေလိုင်စင်များနှင့် လုပ်ကိုင်နေသူသည် လည်းကောင်း၊ နောက် ၁/၂၀၁၄ မှာ ကျွန်တော်တို့ ဥပဒေအမှတ်၊ ၇၄/၂၀၁၅ မှာ ပြင်ဆင်တဲ့ဥပဒေတစ်ခုရှိပါတယ်။ ဒါက ဘက်စုံပို့ဆောင်ရေးဥပဒေ၊ ဒီဥပဒေက လိုင်စင်တွေ ထုတ်ပေးထားတာရှိပါတယ်။ ဒီဥပဒေကလည်း ဒီပုဒ်မမှာ အကျုံးဝင်တာ

ဖြစ်တဲ့အတွက် ဒီနေရာမှာ ကျွန်တော်ကထပ်ပြီး ဖြည့်စွက်ချင်တာက ၂၀၁၅ ခုနှစ်၊ ဘက်စုံပို့ဆောင်ရေး ဥပဒေအရ ဆိုတဲ့ စကားရပ်ကို ဒီမှာ ဖြည့်စွက်ချင်တာ ဖြစ်ပါတယ်။

နောက် ပုဒ်မ ၂၂ ဖြစ်ပါတယ်။ ပုဒ်မ ၂၂ ကအခန်း(၉)က ဒါက တားမြစ်ချက်ပြစ်ဒဏ် ဖြစ်ပါတယ်။ မည်သူမှ လုပ်ငန်းလိုင်စင်မရှိဘဲ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်း သို့မဟုတ် လုပ်ကိုင်စေခြင်း မပြုရ။ ဒီနေရာမှာ ကျွန်တော်က ဖြည့်စွက်ချင်တာ တစ်ဆက်တည်း ပုဒ်မကို ကျွန်တော် အသစ်ဖြည့်စွက်တာ မဟုတ်ဘဲနဲ့ ဒီပုဒ်မမှာပဲ စကားရပ်ကို ဖြည့်စွက်ချင်ပါတယ်။ လုပ်ကိုင်စေခြင်း သို့မဟုတ် ရေယာဉ်မောင်းနှင်ခြင်း သို့မဟုတ် မောင်းနှင်စေခြင်းနှင့် သတ်မှတ်ထားသော ခရီးသည်နှင့် ကုန်စည်များကို ပိုမိုတင်ဆောင်ခြင်းမပြုရလို့ ကျွန်တော်က ဒါ ဒီစကားရပ်ကို ဖြည့်စွက်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဒီရေယာဉ်တွေ ပြေးဆွဲတဲ့အခါမှာ သတ်မှတ် လူဦးရေနဲ့ သတ်မှတ်ကုန်စည်တွေကို ပိုမိုတင်ဆောင်တဲ့အတွက် ရေယာဉ်တွေ မတော်တဆ တိမ်းမှောက်ပြီးတော့ လူအမြောက်အမြား သေဆုံးတာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေမှာ ဒါတိတိကျကျ ပြဋ္ဌာန်းပေးမှသာလျှင်၊ ဘာလို့ ၂၂ မှာ ထည့်ထားလဲဆိုရင် ပုဒ်မ ၂၂ သည် ပြစ်မှုပြစ်ဒဏ်ရှိတယ်။ ထောင်ဒဏ်အထိ ရှိတဲ့အတွက် ကျွန်တော် ပုဒ်မ ၂၂ ကို ထပ်ပြီးတော့ ဖြည့်စွက်တာ ဖြစ်ပါတယ်။ ပုဒ်မ ၂၂ ပြီးပြီ။

ဒီမှာ ကျွန်တော် တစ်ခုကျန်ခဲ့ပါတယ်။ ပုဒ်မ ၁၄ တစ်ရွက်ကျန်ခဲ့ပါတယ်။ ပုဒ်မ ၁၄ ပြီးသွားပြီ။ ကျွန်တော် ဖြည့်စွက်ချက်က ဒီမှာတင်ပြီးဆုံးပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တူးမြောင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တူးမြောင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တူးမြောင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးကျော်ကျော်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်းအစီရင်ခံစာကို ကျွန်တော်က လွှတ်တော်သို့ ဖတ်ကြား တင်သွင်းပေးပါမယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## တူးမြောင်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇- ၂၄၀
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်

၁။ ပြည်သူ့လွှတ်တော်က တူးမြောင်းဥပဒေကြမ်းကို ဒီလ ၅ ရက်နေ့မှာ ပြင်ဆင်ချက်တွေနဲ့ အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်မှာ ဆွေးနွေးနိုင်ဖို့အတွက် ၇-၆-၂၀၁၇ ရက်နေ့တွင် ပေးပို့လာပါတယ်။ အဲဒီ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့်၁၂-၆-၂၀၁၇ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာတူးမြောင်းဥပဒေကြမ်းကို လေ့လာစိစစ်ရာမှာ အောက်ပါအတိုင်း ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်-

(က) ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင့်ဆင့်စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် ဥပဒေရေးထုံး၊ စကားရပ်အသုံးအနှုန်းများ မှန်ကန်မှုရှိစေရန် အတွက် ပြည်သူ့လွှတ်တော်က ဥပဒေပြုသည့် ဥပဒေကြမ်း အပိုဒ် ၅ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ် -

၅။ ဝန်ကြီးဌာနသည် -

(က) ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆည်မြောင်းအရာရှိ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာနအရာရှိကို ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍

သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းပြီး ဆည်မြောင်း နယ်နိမိတ် သတ်မှတ်ခြင်းလုပ်ငန်းနှင့် လိုအပ်သည့် ကြိုတင်စူးစမ်း လေ့လာတိုင်းတာခြင်း လုပ်ငန်းများကို တာဝန်ပေးအပ်ဆောင်ရွက် စေရမည်။

(ခ) ဝန်ကြီးဌာနသည် ဆည်မြောင်းတည်ဆောက်ရေး လုပ်ငန်းအတွက် လိုအပ်သည့် မြေသိမ်းဆည်းခြင်းလုပ်ငန်းကို တည်ဆဲဥပဒေများနှင့် အညီ ဆောင်ရွက်ရမည်။

(ခ) အရေးအသား မှန်ကန်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၆ တွင် ဖော်ပြထားသော ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၄ တွင် ဖော်ပြထားသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်ဆိုသည့်စကားရပ် ကိုခရိုင်အုပ်ချုပ်ရေးမှူးသည်ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၂)တွင် ဖော်ပြထားသောဥပဒေနှင့်အညီ ဆိုသည့်စကားရပ်ကို တည်ဆဲဥပဒေများ နှင့်အညီ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၇ တွင် ဖော်ပြထားသော သို့ရာတွင် ဆည်မြောင်းရေ အသုံးပြုခြင်းအတွက်ဆိုသည့်စကားရပ်ကို သို့ရာတွင် ရေသုံးစွဲသူသည် ဆည်မြောင်းရေ အသုံးပြုခြင်းအတွက် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၂တွင် ဖော်ပြထားသောတားဆီးပိတ်ဆို့နေခြင်းအား ဖယ်ရှား နိုင်ရန် သက်ဆိုင်ရာသို့ ညွှန်ကြားရမည် ဆိုသည့်စကားရပ်ကို တားဆီးပိတ်ဆို့နေ ခြင်းအား ဖယ်ရှားနိုင်ရေးအတွက် လိုအပ်ချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန များနှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့် အသီးသီးပြင်ဆင်ဖြည့်စွက် သင့်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။　　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တူးမြောင်း ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တူးမြောင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၂-၆-၂၀၁၇ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကိုရပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၁း၀၈ နာရီအချိန်တွင် ရပ်နားပါသည်။]